# ရေကြီးပြီးနောက် သောက်ရေ။

## ရေကြီးပြီးနောက် ရေကို အန္တရာယ်ကင်းစွာ မည်ကဲ့သို့ သောက်သုံးရမည့်အကြောင်း

**Burmese | မြန်မာဘာသာ**

**OFFICIAL**

ရေကြီးပြီးနောက်၊ ရေပေးဝေသည့်ကုမ္ပဏီသည် ဘုံပိုင်ရေကို သောက်သုံးရန် သင့်မသင့် အကြံပေးပါမည်။ အောက်ပါတစ်ခုခုကို အကြောင်းကြားနိုင်သည်-

**မသောက်ရန် အကြံပြုချက်**- သင့်ရေတွင် အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် အဆိပ်အတောက်များပါရှိပြီး သောက်သုံးပါက သင့်အား အလွန် မကျန်းမမာ ဖြစ်စေနိုင်သည်။

**ရေကို ကျိုသောက်ရန် အကြံပြုချက်**- သင့်ရေတွင် ပိုးမွှားများ ရှိနေနိုင်ပြီး မသောက်သုံးမီ ရေကို ကျိုချက်ပါ။ မကျိုချက်ထားသောရေကို သောက်သုံးခြင်းသည် မကျန်းမမာ ဖြစ်စေသည်။

### ဘုံပိုင်ရေ မသောက်သင့်ပါက ဘာလုပ်ရမည်နည်း။

ရေကုမ္ပဏီက 'မသောက်ရန် အကြံပြုချက်' ကို အကြောင်းကြားပါက ဘုံပိုင်ရေကို မသောက်ရပါ။

- သင့်အနေဖြင့် ...
  - ✓ ရေကြီးထားသည့်နေရာမှ ဘုံပိုင်ရေကို မသောက်သင့်ပါ၊
  - ✓ ရေကို ကျိုချက်ခြင်း၊ ကလိုရင်း သို့မဟုတ် ချွတ်ဆေးခတ်ခြင်းသည် ဘေးကင်းစေမည် မဟုတ်၍ အလုပ်သင့်ပါ။
- သောက်သုံးရန်၊ အစားအသောက် အဖျော်ယမကာများနှင့် ကလေးနို့များ ပြင်ဆင်ရန်၊ ရေခဲလုပ်ရန်၊ သွားတိုက်ရန် သို့မဟုတ် အိမ်မွေးတိရစ္ဆာန်သောက်သုံးရေအတွက် ရေဗူးကို အသုံးပြုပါ။
- အချို့အခြေအနေများတွင် အိမ်သာရေဆွဲရန်၊ လက်ဆေးရန်၊ ရေချိုးရန် (ပါးစပ်ထဲ ရေမဝင်စေရ) နှင့် အဝတ်လျှော်ရန် ဘုံပိုင်ရေကို အသုံးပြုနိုင်သည်။ အရေပြားယားယံခြင်း သို့မဟုတ် အခြား မတည့်သည့် လက္ခဏာများ ပြလျှင် ဘုံပိုင်ရေသုံးခြင်းကို ရပ်၍ ဆရာဝန်ထံ ဆက်သွယ်ပါ။
- ဘုံပိုင်ရေကို သောက်သုံးရန် အန္တရာယ်ကင်းသည့်အချိန်တွင် ရေပေးဝေသည့်ကုမ္ပဏီသည် သင့်အား အသိပေးပါမည်။

### **ဘုံပိုင်ရေ ကျိုချက်ရမည်ဆိုပါက ဘာလုပ်ရမည်နည်း**

အကယ်၍ ရေပေးဝေသည့်ကုမ္ပဏီမှ ' ရေကို ကျိုသောက်ရန် အကြံပြုချက်' ကို အကြောင်းကြားထားလျှင် ဘုံပိုင်ရေကို ကျိုချက်ရန် လိုအပ်ပါသည်။

- အန္တရာယ်ကင်းစွာ သောက်သုံးနိုင်ရန် ဘုံပိုင်ရေကို ကျိုချက်နည်း-
  - ✓ အိုး သို့မဟုတ် ရေနွေးအိုးအောက်ခြေမှ ပူဖောင်းများစွာကို ကြာကြာ ဆက်တိုက်တွေ့ရသည်အထိ ရေကို ကျိုချက်ပါ။
  - ✓ အသုံးမပြုမီ ရေကို အအေးခံပါ။
  - ✓ အလိုအလျောက် ခလုတ်ပိတ်သွားသော ရေနွေးအိုးများသည် သင့်လျော်ပါသည်။ ရေအပူချိန် ပြောင်းနိုင်သော ရေနွေးအိုးများကို ဆူမှတ်အထိ ထားရပါမည်။
  - ✓ ကျိုချက်ထားသောရေကို သန့်ရှင်းပြီး အလုံပိတ်ဘူးတွင် သိမ်းဆည်းထားပါ။

- ✓ အသုံးမပြုမီ ရေကို အအေးခံပါ။
- ✓ ရေနွေးပူမလောင်ရန် သတိထားပါ။

- ကျိုချက်ထားသောရေကို သောက်သုံးရန်၊ အစားအသောက် အဖျော်ယမကာများနှင့် ကလေးနို့များ ပြင်ဆင်ရန်၊ ရေခဲလုပ်ရန်၊ သွားတိုက်ရန် သို့မဟုတ် အိမ်မွေးတိရစ္ဆာန်သောက်သုံးရေအတွက် သုံးနိုင်ပါသည်။
- မကျိုချက်ထားသောရေကို လက်ဆေးရန်၊ ရေချိုးရန် (ပါးစပ်ထဲ ရေမဝင်စေရ)၊ အိမ်သာရေဆွဲရန်၊ ပန်းကန်ဆေးရန်၊ အဝတ်လျှော်ရန်နှင့် အပင်ရေလောင်းရန် သို့မဟုတ် ပြင်ပတွင် ရေဆေးရန် သုံးနိုင်ပါသည်။
- ဘုံပိုင်ရေကို ကျိုချက်ရန်မလိုဘဲ သောက်သုံးရန် အန္တရာယ်ကင်းသည့်အချိန်တွင် ရေပေးဝေသည့်ကုမ္ပဏီသည် သင့်အား အသိပေးပါမည်။

## အကူအညီရယူရန်

- သိသင့်သည့်များအတွက် ရေပေးဝေသည့်ကုမ္ပဏီ <www.water.vic.gov.au/water-industry-and-customers/know-your-water-corporation> ထံ ဆက်သွယ်ပါ။
- မသန့်ရှင်းသောရေကို သောက်မိသည် သို့မဟုတ် ဗိုက်အောင့်ဗိုက်နာလက္ခဏာများ ခံစားသည်ဟု စိုးရိမ်ပါက ဆရာဝန်ထံ ဆက်သွယ်ပါ။

ဤကြေညာချက်ကို နားလည်ရန် လွယ်ကူသောပုံစံဖြင့် လက်ခံရယူရန် pph.communications@health.vic.gov.au သို့ အီးမေးလ်ပို့ပါ။